အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

Women's League of Burma

**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ အဌမအကြိမ်ညီလာခံ ထုတ်ပြန်ကြေညာချက်**

ရက်စွဲ။ ။ ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄)ရက်

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁)ရက်မှ (၂၃) ရက်နေ့အထိ အဖွဲ့ဝင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အကြံပေးအဖွဲ့ဝင်များ၊ အတွင်းရေးမှူးအဖွဲ့နှင့် လုပ်ငန်းစဉ်တာဝန်ခံများ စုစုပေါင်း (၅၃) ဦးပါဝင်သော အဌမ အကြိမ်ညီလာခံကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

ညီလာခံတွင် အတွင်းရေးမှူးအဖွဲ့၏ သတ္တမအကြိမ်ညီလာခံ သက်တမ်းအတွင်းဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ် လှုပ်ရှားမှု အစီရင်ခံစာများနှင့် ဘဏ္ဍာရေးအစီရင်ခံစာများ တင်သွင်းဆွေးနွေး အတည်ပြု၍ ညီလာခံသက်တမ်း နှစ်နှစ်အတွင်းအဖွဲ့ချုပ်၏ လုပ်ငန်းအကောင်အထည်ဖော်မှုအပေါ် အားသာချက်၊ အားနည်းချက်များနှင့် ပတ်သက်၍ ဆွေးနွေးသုံးသပ်ခဲ့ကြသည်။ မိမိတို့ အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံအား လက်ရှိလုပ်ငန်းများနှင့် ပိုမိုကိုက်ညီမှုရှိလာစေရန်အတွက် ပြုပြင်ပြောင်းလဲမှုများလည်း ပြုလုပ်နိုင်ခဲ့ ကြပြီး ရှေ့လုပ်ငန်းစဉ်များကိုလည်း ချမှတ်နိုင်ခဲ့ကြသည်။

အဌမအကြိမ်ညီလာခံသက်တမ်းတွင် ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အဖွဲ့ဝင် အဖွဲ့အစည်းများမှ စေလွှတ်သည့် ကိုယ်စားလှယ်တစ်ဦးစီဖြင့် မူဝါဒရေးရာ ဦးဆောင်အဖွဲ့ကို ဖွဲ့စည်းပြီး အထွေထွေ အတွင်းရေးမှူးနှင့် တွဲဖက်အထွေထွေ အတွင်းရေးမှူးတို့အား ရွေးချယ်တင်မြှောက် ခဲ့ကြသည်။

အဌမအကြိမ် ညီလာခံအတွင်း သတ္တမအကြိမ်ညီလာခံသက်တမ်း သဘာပတိအဖွဲ့မှ လက်ရှိနိုင်ငံရေးသုံးသပ်ချက်များကို လူ့အခွင့်အရေးများ၊ ထိုးစစ်ဆင်မှုများ၊ ဒုက္ခသည်အခြေအနေများ၊ အမျိုးသမီးအခွင့်အရေး ချိုးဖောက်နေမှုများနှင့် ပတ်သက်ပြီး ဖြစ်ပေါ်နေမှုများနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများအကြောင့် အမျိုးသမီးများအပေါ် အကျိုးသက်ရောက်မှုများအပေါ် အခြေခံ၍ သုံးသပ် ခဲ့ကြသည်။ အထူးသဖြင့် လောက်ကိုင်ဒေသ စစ်ပွဲကို အမှီ ပြု၍ စစ်တပ်အား လူထုထောက်ခံမှု ပိုမိုရရှိလာစေရန် ဝါဒဖြန့်ချိ နေခြင်းများနှင့် ပြည်သူလူထုမှ စစ်တပ်၏ အခန်းကဏ္ဍအရေးပါကြောင်း လက်ခံလာစေရန် ရှေးရှုလုပ်ဆောင်နေခြင်းများကို ထောက်ပြ၍ စစ်တပ်မှ ၎င်းတို့၏ အာဏာ တည်မြဲရေးအတွက် အောက်ခြေစစ်သားများ၏ အသက်နှင့် ဘဝများ စတေးခံနေရ သည်ဟု အဖွဲ့ချုပ်မှ သုံးသပ်သည်။

မိမိတို့နိုင်ငံတွင် နှစ်ပေါင်း(၆၀)ကျော် တိုင်းရင်းသားများနှင့် မြန်မာစစ်တပ်အကြား ဆက်လက်ဖြစ်ပွါးနေသော ပြည်တွင်းစစ် ကြောင့် အမျိုးသမီးများ၏ဘဝ လုံခြုံမှုကင်းမဲ့လာခဲ့သည်။ သမ္မတဦးသိန်းစိန် အာဏာရလာပြီးနောက် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် တကျော့ပြန်ထိုးစစ်ဆင်ခြင်းများကြောင့်လည်း အမျိုးသမီးများအပေါ် လိင်အကြမ်းဖက်မှုများနှင့် အခြားသော လူ့အခွင့် အရေးချိုးဖောက်ခံရမှုများ ပိုမိုဆိုးရွား လာနေသည်ဟု ရှုမြင်သည်။

ဦးသိန်းစိန်အစိုးရလက်ထက်တွင် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရန် ရေးဆွဲနေသော ဥပဒေများသည် အမျိုးသမီးများ အချင်းချင်း သွေးကွဲအောင် စီမံချက်ဖြင့် လုပ်ဆောင်နေသည်ဟု မိမိတို့သုံးသပ်သည်။ ထို့ကြောင့် မိမိတို့ မြန်မာနိုင်ငံရှိ အမျိုးသမီးထု တရပ်လုံးအနေဖြင့် ၎င်းကဲ့သို့ ဖန်တီးချက်များနှင့် လှည့်ကွက်များအား အထူးသတိရှိရမည်ဟု သုံးသပ်သည်။

ရှေ့လုပ်ငန်းစဉ်များတွင် အစိုးရစစ်တပ်မှ အစီအစဉ်ချ ကျူးလွန်သော အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အခြား လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ဖော်ထုတ်ပြီး အမျိုးသမီးများအတွက် တရားမျှတမှုရရှိရန် ပိုမိုကြိုးပမ်း ဆောင်ရွက်သွားမည်။

ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်နိုင်ရေးကို အဖွဲ့ချုပ်မှ ဆက်လက် တွန်းအားပေးသွားမည်ဖြစ်ပြီး ပြည်တွင်းစစ်ရပ်စဲ၍ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို တည်ဆောက်မည့် ဖက်ဒရယ် စနစ်ပေါ်ထွန်းလာရန်အတွက်လည်း မိမိတို့၏မဟာမိတ်အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်သွားရန် မိမိတို့ အဖွဲ့ချုပ်မှ ထပ်လောင်း အတည်ပြုသည်။


**ဆက်သွယ်ရန်**

ဂျူလီယာ မရစ်(ပ်) အထွေထွေ အတွင်းရေးမှူး (+၆၆ (၀) ၉၀ ၇၅၀ ၄၉၆၀)

ယိင်းဟန်ဖ မူဝါဒရေးရာ ဦးဆောင်အဖွဲ့ဝင် (+၆၆ (၀) ၈၉ ၂၆၂ ၇၈၄၈)

စောစံငြိမ်းသူ မူဝါဒရေးရာ ဦးဆောင်အဖွဲ့ဝင် (+၆၆ (၀) ၉၈ ၇၈၀ ၄၀၂၀)